ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကျား/ မ တန်းတူညီမျှရေး နှင့် အမျိုးသမီးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ မူဝါဒ

## ၂၀၁၉-၂၀၂၂




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအားလုံး၏ ကဏ္ဍ အဆင့်ဆင့် တို့တွင် ကျား / မ တန်းတူညီမျှရေး နှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေးတို့ကို အားပေးရန်အတွက် မူဝါဒတစ်ရပ်ကို ရေးဆွဲခဲ့ပါသည်။ မူဝါဒ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျား /မ တန်းတူရေးကို အလေးထား ထည့်သွင်း စဉ်းစားပြီး အားလုံးပါဝင်နိုင်မှုရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရန် အတွက် ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ပါသည်။ အမျိုးသမီးများ၊ အမျိုးသားများ နှင့် အခြားသော လိင်ဝိသေသ ခံယူထားသူများအား တန်းတူညီမျှစွာ ဆက်ဆံရမည်ဖြစ်ပါသည်။ ၎င်းတို့အားလုံးသည် အခွင့်အလမ်းများ၊ ရင်းမြစ်များ နှင့် သတင်းအချက် အလက်များကို တန်းတူညီမျှစွာ လက်လှမ်းမီနိုင်ရမည် ဖြစ်ပါသည်။

လိင်ဝိသေသကွဲပြားစွာခံယူထားသူ အားလုံးတို့သည် မဲဆန္ဒရှင်များအဖြစ် လည်းကောင်း၊ ကိုယ်စားလှယ်လောင်းများအဖြစ် လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ် များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ကြရမည် ဖြစ်ပါသည်။ ဤမူဝါဒသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မူဝါဒလမ်းညွှန်ချက်များ နှင့် မဟာဗျူဟာ အခန်း (၁၁) ခုတို့ အပေါ်တွင် အခြေခံထားပါသည်။

### မဟာဗျူဟာစီမံကိန်း အခန်း (၁၁) ခု

ကျား / မတန်းတူညီမျှရေး နှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဦးစားပေး လုပ်ငန်းဖြစ်သည်ကို ပြည်ထောင်စုရွေကောက်ပွဲကော်မရှင်၏ မဟာဗျူဟာ စီမံကိန်း (၂၀၁၉ – ၂၀၂၂) တွင် တွေ့ရှိနိုင်မည် ဖြစ်ပြီး၊ မဟာဗျူဟာစီမံကိန်းပါ မဟာဗျူဟာ အခန်း (၁၁) ခုတွင် ဖော်ပြထားပါသည်။

- ၁ ဥပဒေရေးရာမူဘောင်
- ၂ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုစွမ်းရည် မြှင့်တင်ဆောင်ရွက်ရေး
- ၃ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် ထိန်းသိမ်းစောင့် ရှောက်ခြင်း
- ၄ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ နှင့် သမာသမတ်ကျခြင်း
- ၅ နိုင်ငံသား နှင့် မဲဆန္ဒရှင်ပညာပေးခြင်း
- ၆ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း
- ၇ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး
- ၈ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း
- ၉ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု နှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ အသုံးစရိတ်
- ၁၀ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း
- ၁၁ စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း

### COVID-19

ကျွန်ုပ်တို့၏ဝန်းကျင်သည် အဖိုးတန်လှပါသည်။ သင်၏ လုပ်ဖော်ကိုင်ဖက်များကို လေးစားပါ။ သင့်ကိုယ်သင် လေးစားပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဝန်ကြီးဌာန၏ အကြံပြုချက်များကို လိုက်နာပါ။

- လက်ကိုခဏခဏဆေးပါ။
- နှာချေခြင်း၊ ချောင်းဆိုးခြင်းများ ဖြစ်လျှင် ပါးစပ်နှင့် နှာခေါင်းတို့ကို အုပ်ထားပါ။
- ကိုယ့်မျက်နှာကို မကိုင်တွယ်ပါနှင့်။
- လက်ဆွဲနှုတ်ဆက်ခြင်း မပြုပါနှင့်။
- ခပ်ခွာခွာနေပါ။
- မျက်နှာဖုံးတပ်ပါ။

"ကျား/မတန်းတူညီမျှရေးဟာ ရွေးကောက်ပွဲဖြစ်စဉ်ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အမျိုးသားများ၊ အမျိုးသမီးများ၊ လိင်ဝိသေသကွဲပြားသူများ (LGBTQI) ကို မဲဆန္ဒရှင်တွေအဖြစ်၊ ကိုယ်စားလှယ်လောင်းတွေအဖြစ်၊ ရွေးကောက်ခံ ကိုယ်စားလှယ်တွေအဖြစ် ပိုမိုပါဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။"

ဦးလှသိန်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### နှောင့်ယှက်တိုက်ခိုက်ခြင်းဆိုတာ ဘာလဲ ?

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဟာဗျူဟာမူဝါဒ နှင့် မဟာဗျူဟာလုပ်ငန်း စဉ်တို့နှင့်အညီ ၎င်း၏ လုပ်ငန်းခွင်များတွင် မည်သည့် နှောင့်ယှက်တိုက်ခိုက်မှု၊ ခွဲခြားဆက်ဆံမှုကိုမျှ လုံးဝလက်သင့်မခံသော နည်းလမ်းကို ကျင့်သုံးလျက်ရှိသည်။




- ရှောင်ကြဉ်ရမည့် မှတ်ချက်များနှင့် လက်သင့်ခံနိုင်ဖွယ်မရှိသော မှတ်ချက်များ၊
- လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှု ဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာ အပြုအမူများ
- လူတစ်ဦးအား သိက္ခာကျစေသော၊ အရှက်ရစေသော သို့မဟုတ် အရှက်တကွဲ ဖြစ်စေသော မည်သည့် အပြုအမူမျိုးမဆို။
- ခြိမ်းခြောက်မှုပါသော ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်စေသည့် မည်သည့် အပြုအမူမျိုးမဆို။
- လူတစ်ဦးအား မလုံခြုံမှုကို ခံစားရခြင်း သို့မဟုတ် အန္တရာယ်ရှိသည်ဟု ခံစားရခြင်း ကိုဖြစ်စေသည့် မည်သည့်အပြုအမူမျိုးမဆို။
- စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ခြိမ်းခြောက်မှု သို့မဟုတ် စိတ်ကသိကအောက် ဖြစ်စေသော မည်သည့်အပြုအမူမျိုးမဆို။


Australian Aid
Canada
DENMARK
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
UKaid
USAID FROM THE AMERICAN PEOPLE
IFES


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Facebook လင့် – https://www.facebook.com/uecmyanmar

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝဘ်ဆိုဒ်လင့် – https://uec.gov.mm